အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

# **“တန်းတူရေးကို ဖော်ဆောင်ဖို့ ဖိုဝါဒကို တိုက်ဖျက်စို့”**

**ရက်စွဲ။ ။၂၀၂၂ ခုနှစ် မတ်လ (၈) ရက်။**

ယနေ့ကျရောက်သော ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင် တော်လှန်ရေးအင်အားစု အသီးသီးတို့နှင့် မိမိတို့၏ တန်းတူညီမျှမှုရရှိရေး မျှော်မှန်းချက်ကို ဟန့်တားကာ ဖိုဝါဒကို အားကြီးလာစေသည့် အာဏာလုစစ်ဝါဒီ မြန်မာ့တပ်မတော်အား အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ရှုတ်ချလိုက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ့တပ်မတော်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် စစ်အာဏာရှင်စနစ်ကို ပြန်လည် အသက်သွင်းရန် အာဏာလုခဲ့ခြင်းဖြစ်သည်။ ယင်းလုပ်ရပ်သည် ဒီမိုကရေစီ အခြေခံမှုများကို ဖျက်ဆီးရုံတင်သာမက နိုင်ငံရေးတွင် အမျိုးသမီးများ၏ ပါဝင်မှု၊ ဦးဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်းတွင် အမျိုးသမီးအခန်းကဏ္ဍ ပိုမိုမြင့်မားလာနိုင်ခွင့်ကိုလည်း ပျက်သုန်းသွားစေသည်။ အကျိုးဆက်အနေဖြင့် ဖိုဝါဒကြီးစိုးမှုကို ပိုမိုအားကြီးလာစေပြီး ယင်းမှတဆင့် အမျိုးသားများကိုသာ ဦးစားပေးသည့်စနစ်၊ အမျိုးသမီးများအား အားနွဲ့ပြီး မှီခိုသောလူတန်းစားအဖြစ် တစ်ဆင့်နိမ့် ဆက်ဆံသော အလေ့အထများ နှင့် စနစ်များကို ပိုမိုအားကောင်းလာစေသည်။ ထို့အပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု နှင့် ဖိနှိပ်ဆက်ဆံမှုများသည်လည်း ပို၍မြင့်တက်လာစေသည်။

မြန်မာ့တပ်မတော်သည် ဖိုဝါဒကြီးစိုးမှုကိုအခြေခံသည့် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေရန်နှင့် ပြည်သူလူထုအား အကြောက်တရားပိုမိုကြီးထွားလာစေရန် ရည်ရွယ်၍ ဗမာမဟုတ်သည့် တိုင်းရင်းသားဒေသများတွင် မုဒိန်းမှုအပါအဝင် အမျိုးမျိုးသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို စစ်လက်နက်သဖွယ် အသုံးပြုလာခဲ့သည်မှာ- နှစ်ပေါင်း ၇၀ ကျော်ကြာရှိပြီဖြစ်သည်။ မြန်မာ့တပ်မတော်မှ အာဏာလုပြီးသည့်နောက်တွင် အထက်ပါ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်နည်းဗျူဟာကို ဆက်လက်အသုံးပြု၍ အမျိုးသမီးများအပေါ် ကျူးလွန် အနိုင်ကျင့်နေခြင်းများ မြန်မာနိုင်ငံတဝန်းလုံးတွင် ကြောက်ခမန်းလိလိ တိုးမြင့်လာနေသည်။ အမျိုးသမီးများအား ပစ်မှတ်ထား၍ သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီးထောင်ချခြင်း၊ ဓါးစာခံအဖြစ် အသုံးပြုခြင်း စသည့် ကျား-မ အခြေပြုလူ့အခွင့်အရေး ချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုများကို နေရာအနှံ့အပြားတွင် ကျူးလွန်လျက်ရှိနေသည်။

ထိုကျူးလွန်မှုတို့အတွက် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရနေပြီး ဆက်လက်ကျူး လွန်လျက်ရှိရာ စစ်အာဏာလုပြီး တစ်နှစ်ကျော်ကာလတွင် သတ်ဖြတ်ခံရသူ အမျိုးသမီး ၁၀၇ ဦးနှင့် ဖမ်းဆီးထောင်ချခံရသူ ၁၅၂၇ ဦးရှိနေပြီဖြစ်သည်။

ဖိုဝါဒကြီးစိုးမှုကို ပိုမိုအမြစ်တွယ်စေရန် အားပေးသည့် အကြမ်းဖက်စစ်ကောင်စီ အနေဖြင့် အာဏာဆက်လက် တည်မြဲနေပါက ၎င်းတို့အနေဖြင့် ဤစစ်ရာဇဝတ်မှုများကို ပြစ်ဒဏ်မှ ကင်းလွတ်လျက် ဆက်လက်ကျူးလွန်ခွင့် ရရှိနေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ယခုကာလသည် စစ်ဝါဒီ မြန်မာ့တပ်မတော်နှင့် ဖိုဝါဒလွှမ်းမိုးသည့်စနစ်ကိုအခြေခံသောအဖွဲ့အစည်းများအားလုံးကို အပြီးသတ်တိုက်ဖျက်နိုင်ရေးအတွက် အထူးအရေးကြီးသည့် ကာလဖြစ်ကြောင်း မိမိတို့အဖွဲ့ချုပ်မှ ထပ်မံထောက်ပြလိုသည်။

ထို့ကြောင့် မိမိတို့ နေထိုင်လိုသည့် ငြိမ်းချမ်းသာယာသော ဖက်ဒရယ်နိုင်ငံကို ထူထောင်နိုင်ရန်အတွက် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)နှင့်အတူ လူငယ်များ၊ အမျိုးသမီးများ၊ နွေဦးတော်လှန်ရေး အင်အားစုများအပါအဝင် အားလုံးသော တော်လှန်ရေးအင်အားစုများမှ "တန်းတူရေး ဖော်ဆောင်ဖို့ ဖိုဝါဒကို တိုက်ဖျက်စို့" ဟူသော ဆောင်ပုဒ်ဖြင့် ဖိုဝါဒကို အခြေခံသည့် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ် မှန်သမျှအဆုံးသတ်ရေးကို စုပေါင်း၍ ဆက်လက်တော်လှန်၊ တိုက်ပွဲဝင်ကြပါရန် ထပ်လောင်းတိုက်တွန်း နှိုးဆော်အပ်ပါသည်။

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**